# ပြည်သူလူထုသို့ အရေးပေါ်ကြေညာချက်

စာအမှတ်။ ကညခ/ရပကဖ/၀၀၅/၂၀၂၁
ရက်စွဲ။ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၄ ရက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မင်းအောင်လှိုင် ဦးဆောင်သော အကြမ်းဖက် ဖက်ဆစ်စစ်တပ်ခေါင်းဆောင် အပေါင်းအပါတို့က မတရားလုယူသိမ်းပိုက်ခဲ့သည်မှာ ၉ လနီးပါး ရှိခဲ့ပြီဖြစ်သည်။ ကျွန်ုပ်တို့ တိုင်းရင်းသား ပြည်သူလူထု တစ်ရပ်လုံးသည်လည်း လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မိမိတို့၏ ဆန္ဒကို လမ်းပေါ်ထွက်၍ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်တော်လှန်ခဲ့ကြရာမှ အကြမ်းဖက်စစ်တပ်၏ ခေါင်းမာမှုကြောင့် ယခုအခါတွင် လက်နက်ကိုင်တော်လှန်ရေးတစ်ရပ် ရပ်လုံးပေါ်သည်အထိ ခရီးပေါက်ရောက်နေပြီ ဖြစ်သည်။

ကျွန်ုပ်တို့ ရေးမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့သည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ရမည့် အဖွဲ့ဖြစ်သည့်အလျောက် ကျွန်ုပ်တို့ ပြုလုပ်ခဲ့သော စစ်ဆင်ရေးမှန်သမျှတွင် ပြည်သူလူထုကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တစ်ကြိမ်တစ်ခါမှ ထိခိုက်မှုမရှိဘဲ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခုအခါ လက်နက်ကိုင်တော်လှန်ရေးတစ်ရပ်ကို အရှိန်အဟုန်မြင့် ဆောင်ရွက်တော့မည် ဖြစ်ပါသည်။ အကြမ်းဖက် ဖက်ဆစ်စစ်တပ်၏ ယုတ်ညံ့သော ဗျူဟာတစ်ရပ်ဖြစ်သည့် ပြည်သူလူထုကို အမှီအခိုပြုကာ လူသားဒိုင်းပြုလုပ်ခြင်းကို သတိဝီရိယဖြင့် ရှောင်ရှားတတ်ရန် လိုအပ်ပါသည်။ ဖက်ဆစ်စစ်တပ်၏ အဆိုပါဗျူဟာကြောင့် တချို့သော စစ်ဆင်ရေးနယ်မြေများတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှာ ပြည်သူလူထုကို ငဲ့ကွက်၍ စစ်ဆင်ရေးကို ရုတ်သိမ်းခဲ့ရသည် အထိ ရှိပါသည်။ ပြည်သူလူထုအနေဖြင့် ကျွန်ုပ်တို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့်

ပူးပေါင်းပါဝင်နိုင်ရန်အတွက် အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်ပေးကြပါရန် အသိပေးတောင်းဆိုအပ်ပါသည်။

၁။ ပြည်သူလူထုအနေဖြင့် ယနေ့မှစပြီး မလိုအပ်ဘဲ ခရီးသွားလာခြင်းကို တတ်နိုင်သမျှ မပြုလုပ်ကြပါရန် အသိပေးတောင်းဆိုအပ်ပါသည်။ မဖြစ်မနေ ခရီးသွားလာရမည်ဆိုပါက စစ်ကား၊ ရဲကားများနှင့် တတ်နိုင်သမျှ ခွာ၍ သွားလာသင့်ပါသည်။

၂။ စစ်တပ်၊ ရဲကင်း၊ ရဲစခန်း၊ စစ်တပ်၏ စစ်ဆေးရေးဂိတ်များ၊ စစ်တပ်နှင့် ဆက်နွယ်သော ဒလန်အိမ်များနှင့် စီးပွားရေးဆိုင်ရာနေရာများ (ဥပမာ-Mytel တာဝါတိုင်) အစရှိသည့် နေရာများနှင့် တတ်နိုင်သမျှ ဝေးအောင် ရှောင်ရှားပေးပါရန် အသိပေးတောင်းဆိုအပ်ပါသည်။

၃။ ပြည်သူလူထုအနေဖြင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၏ သတင်းတပ်သားအဖြင့် အကြမ်းဖက် ဖက်ဆစ် စစ်တပ်၏ စစ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို မှန်ကန်တိကျမြန်ဆန်လျက် သတင်းပေးပို့ကူညီရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ရေးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့
Ye People Defense Force-YPDF